REPUBLIC OF THE UNION OF MYANMAR
NATIONAL UNITY GOVERNMENT
MINISTRY OF INTERNATIONAL
COOPERATION (MOIC)

MOIC-MO-S/00587

UNCLASSIFIED

Dr. Sasa မှ USA Minnesota ပြည်နယ်တွင် ကျင်းပသော မြန်မာ့နှစ်သစ် ၁၃၈၅ ကူးပြောင်းခြင်း တော်လှန်အတာသင်္ကြန်ပွဲတော်သို့ တော်လှန်သင်္ကြန် အဖွင့်အမှာစကား

၂၀၂၃ခုနှစ်၊ ဧပြီလ (၁၅)ရက်နေ့

USA Minnesota ပြည်နယ်မှာ မြန်မာပြည်ဖွား တိုင်းရင်းသားပေါင်းစုံ ပူးပေါင်းပါဝင်ဆင်နွှဲသည့် တော်လှန် အတာသင်္ကြန်ပွဲတော် အခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားရန် ဖိတ်ကြားသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါသည်။ အမေရိကန်ပြည်ထောင်စု Minnesota ပြည်နယ်တွင် နေထိုင်ကြသည့် မြန်မာပြည်ဖွားအားလုံးနှင့်တကွ ခေါင်းဆောင်များအားလုံး အထူးသဖြင့် Minnesota ပြည်နယ်၏ ပြည်နယ်အုပ်ချုပ်ရေးမှူး State Governor Tim Waltz နှင့်တကွ ပြည်နယ်လူကြီးမင်းများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါသည်။

မြန်မာနိုင်ငံတွင် အတာသင်္ကြန်သည် တန်ခူးလရာသီမှာ မြန်မာနှစ်ဟောင်းကုန်ပြီး နှစ်သစ်ကို ကြိုဆိုသည့် အချိန်အခါသမယဖြစ်သကဲ့သို့ မြန်မာပြည်သူလူထုများအတွက် မိသားစုဆွေမျိုးများအားလုံး စုံစုံလင်လင် ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျင်းပလေ့ရှိသော ပွဲတော်ကြီးလည်းဖြစ်ပါသည်။ သို့သော် မြန်မာပြည်သူလူထု၏ အတာသင်္ကြန်ပျော်ရွှင်ခြင်းကို လုံးဝမလိုလားသော အကြမ်းဖက် စစ်အာဏာရှင် များသည် အတာသင်္ကြန်အကြိုအဖြစ် စစ်ကိုင်းတိုင်း၊ ကန့်ဘလူခရိုင်ရှိ ပဇီကြီးကျေးရွာကို ရက်ရက်စက်စက် တိုက်ခိုက်ပြီး မိသားစုများသင်္ကြန်ပွဲတော်မှာ မစုံလင်အောင်ပြုလုပ်ခဲ့ပါသည်။ တစ်ချို့မိသားစုမှာဆိုလျှင် မိသားစုဝင် (၇)ဦးအထိဆုံးရှုံးခဲ့ရပြီး တစ်ချို့မိသားစုမှာဆိုလျှင် မိဘတစ်ပါးသာကျန်ရစ်ခဲ့သည်။

ပြည်သူလူထုများ ဘေးရန်ကင်းစွာဆင်နွှဲရမည့် ရိုးရာပွဲတော်များနှင့် အရေးကြီးသောပွဲတော်များကို မပျော်ရွှင်နိုင်အောင် တိုက်ခိုက်နေခြင်းသည် အကြမ်းဖက်စစ်အာဏာရှင်များ၏ အသွေးအသားထဲမှာ ရှိနေပါသည်။ ပဇီကြီးရွာကို မတိုက်ခိုက်ခင်မှာ ချင်းပြည်နယ် ဖလမ်းမြို့နယ် ၊ ဝေဘူလမြို့ကို တိုက်ခိုက်ပြီး ကလေးအပါအဝင် အပြစ်မဲ့ပြည်သူ (၉)ဦးကို သေဆုံးစေခဲ့ပါသည်။ ချင်းပြည်နယ်သည် ခရစ်ယာန်ဘာသာအများဆုံးနေထိုင်သော ပြည်နယ်ဖြစ်ပြီး ယခုလ ဧပြီလတွင် ခရစ်ယာန်ဘာသာတွက် အရေးကြီးသော Good Friday၊ Easter Sunday နှင့် Easter Monday တို့ရှိပြီး ဝေဘူလကို တိုက်ခိုက်ခြင်းသည် Easter Monday တွင် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းဖြစ်သည်။ အလားတူ ၂၀၂၂ ခုနှစ် New Years Eve ဒီဇင်ဘာလ (၆)ရက်နေ့မှာ ချင်းပြည်နယ်၊ မတူပီမြို့တွင် သတင်းထောက်နှင့် ကလေးအပါအဝင် အပြစ်မဲ့ပြည်သူလူထု (၁၀)ယောက်ကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပြီး ၂၀၂၁ ခုနှစ် Christmas Eve ဒီဇင်ဘာလ(၂၄)ရက်နေ့မှာလည်း ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်တွင် ကလေး

များနှင့် Save The Children မှ ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူလူထု (၃၅)ယောက်ကို ရက်ရက်စက်စက် မီးရှို့သတ်ဖြတ်ခဲ့ပါသည်။

မြန်မာပြည်သူလူထုများရဲ့ပျော်ရွှင်မှုကို လုံးဝမလိုလားသော အကြမ်းဖက်စစ်အုပ်စုသည် အတာသကြံန်ပျော်ရွှင်မှုကို ရိုက်ချိုးပြီး နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား စစ်ဖြစ်ရာတွင် အသုံးပြုသော ရုရှားစစ်လေယာဥ်ကို အသုံးပြုပြီး ပဇီကြီးကျေးရွာကို ရည်ရွယ်ချက်ရှိရှိ အစုလိုက်အပြုံလိုက် သေစေရန် တိုက်ခိုက်ခဲ့ပါသည်။ ကန့်ဘလူခရိုင်၊ ပဇီကြီးကျေးရွာကို တိုက်ခိုက်ခြင်းကြောင့် အပြစ်မဲ့ပြည်သူလူထု (၁၆၈)ယောက်ထက်မနည်း သေဆုံးစေခဲ့ပြီး အပြစ်မဲ့ပြည်သူလူထု (၈၀)ကျော် အသက်အန္တရာယ်ပြုသော ထိခိုက်ဒဏ်ရာ ရစေခဲ့ပါသည်။ ပဇီကြီးကျေးရွာကို တိုက်ခိုက်ခြင်း၏ ရည်ရွယ်ချက်သည် ရှင်းရှင်းလင်းလင်းပင်ဖြစ်သည်။ အတာသကြံန်၏ ပျော်ရွှင်မှုကို တိုက်ရိုက်တိုက်ခိုက်ပြီး အတာသကြံန်ကို ငိုကြွေးခြင်းအဖြစ်သို့ ပြောင်းလဲရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့သော် ရဲရင့်သတ္တိရှိသော မြန်မာပြည်သူလူထုသည် အကြမ်းဖက်စစ်အာဏာရှင်များ၏ ရက်စက်ယုတ်မာမှုကို လုံးဝအလိုမရှိကြောင်း အတာသကြံန်၏ပျော်ရွှင်မှုသည် အကြမ်းဖက်စစ်အာဏာရှင်များက ဖန်တီးပေးသော ပျော်ရွှင်မှုမဟုတ်ဘဲ မြန်မာနိုင်ငံ၏ အနာဂတ်အတွက် မျှော်လင့်ခြင်းနှင့် ယုံကြည်ခြင်းမှလာသောပျော်ရွှင်မှုအစစ်ဖြစ် ကြောင်းကို သွေးနှင့်သက်သေပြခဲ့ပါသည်။

နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကိုကူးပြောင်းမည့် အခါသမယမှာ စစ်အာဏာရှင်စနစ်ဟောင်းကို မြန်မာပြည်သူလူထုက အမြစ်ပြတ်ခြေမှုန်းပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ်အသစ်သို့ မြန်မာနိုင်ငံကူးပြောင်းသွားရတော့မည်ကို ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်စစ်အုပ်စုများ အလွန်ကြောက်ရွံ့ တုန်လှုပ်နေပါသည်။ အကြမ်းဖက်စစ်အာဏာရှင်စနစ်ဟောင်းမရှိသော ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံအသစ်သို့ သွားရမည့်ခရီးသည် ကြမ်းတမ်းပြီး ခက်ခဲလှပါသည်။ သို့သော် မြန်မာပြည်သူထု၏ ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ စည်းလုံးညီညွတ်ခြင်းအင်အားများဖြင့် စိန်ခေါ်မှုအားလုံးကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

အတာသကြံန် နှစ်သစ်ကူးအချိန်အခါသမယမှာ ခွန်အားအသစ်များနှင့် ပြည့်လျှံပြီး တီထွင်ကြံဆမှုအသစ်များဖြင့် ပြည်သူလူထုအားလုံး နှစ်သစ်ကူးနိုင်ကြပါစေဟု အထူးဆုမွန်ကောင်းတောင်းလိုပါသည်။ အကြမ်းဖက်အာဏာရှင်စနစ်ဆိုးအောက်မှာကျရောက်သော အတာသကြံန်သည် ဒီနှစ်နောက်ဆုံးဖြစ်ပါစေဟူ၍လည်း မြန်မာပြည်သူလူထုများနှင့်အတူ ဆုမွန်ကောင်းတောင်းလျက်ရှိပါသည်။ နောက်နှစ်တွင်ကျရောက်မည့် အတာသကြံန်သည် စစ်မှန်သော ပျော်ရွှင်မှုများနှင့် အားလုံးအတူတကွ ပျော်ပျော်ရွှင်ရွှင်ကျင်းပနိုင်မည့်ရက်တွေ အမြန်ဆုံးရောက်ရှိလာနိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းလျက်ရှိပါသည်။ အကြမ်းဖက်စစ်အာဏာရှင်များသည်

ရုရှားစစ်လေယာဉ်ကိုအသုံးပြုပြီး ပြည်သူထူထုအပေါ် ရက်ရက်စက်စက်တိုက်ခိုက်ပြီး အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်နေသော်လည်း မြန်မာပြည်သူလူထု၏ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းများကို ဗုံးကြဲလေယာဉ်ဖြင့် အကြမ်းဖက်စစ်အာဏာရှင်များက လုံးဝတိုက်ခိုက်၍ ရမည်မဟုတ်ပါ။
မြန်မာပြည်သူလူထုနှင့် ယူကရိန်းပြည်သူလူထုတို့၏ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းများသည် တစ်ကမ္ဘာလုံးမြင်အောင် ရှင်းရှင်းလင်းလင်းရှိနေပြီး အကြမ်းဖက်အုပ်စုများ၏ လူမဆန်သော ရက်စက်ယုတ်မာခြင်းသည်လည်း သူတို့၏လုပ်ရပ်က နေ့တိုင်း သက်သေပြလျက်ရှိပါသည်။ အလင်းသည် အမှောင်ကိုနိုင်သကဲ့သို့ ဓမ္မသည်လည်း အဓမ္မအားလုံးကို နိုင်ရမည်မှာ ဓမ္မတာဖြစ်ပြီး မြန်မာပြည်သူလူထုနှင့် ယူကရိန်းပြည်သူလူထုများ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းသည်လည်း အကြမ်းဖက်အုပ်စုများ၏ ရက်စက်ယုတ်မာသော အကြမ်းဖက်ခြင်းအမှောင်ထုကြီးများကို ချုပ်ငြိမ်းစေမည်မှာလည်း အသေအချာပင်ဖြစ်ပါသည်။ အကြမ်းဖက်စစ်အုပ်စုများသည် တစ်ချိန်က အာရှတိုက်မှာ အချမ်းသာဆုံးနိုင်ငံထဲပါဝင်ခဲ့သည့် မြန်မာနိုင်ငံကို ယခုဆိုလျှင် ကမ္ဘာ့အလယ်မှာ အဆင်းရဲဆုံးနိုင်ငံအဖြစ်လည်းကောင်း၊ မြောက်ကိုးရီးယားနိုင်ငံထက် ပိုမိုဆိုးရွားသော အခြေအနေသို့လည်းကောင်း ရောက်ရှိနိုင်ရန်အတွက် ရည်ရွယ်ချက်ရှိရှိလုပ်နေခြင်းသည် လုံးဝအောင်မြင်မှာ မဟုတ်ပေ။

တစ်ချိန်တုံးက မြန်မာနိုင်ငံသည် စင်ကာပူနိုင်ငံထက် တိုးတက်သောသမိုင်းရှိပါသည်။ မြန်မာနိုင်ငံတွင် ဤအကြမ်းဖက် စစ်အုပ်စုများသာမရှိခဲ့လျှင် အမေရိကန်ပြည်ထောင်စုကဲ့သို့ ဖက်ဒရယ်ဒီမိုကရေစီထွန်းကားပြီး မြန်မာနိုင်ငံတွင်ရှိသော ပြည်နယ်နှင့် တိုင်းအသီးသီးသည်လည်း အမေရိကန်ပြည်ထောင်စုတွင်ရှိသော Minnesota ပြည်နယ်ကဲ့သို့ ဖြစ်ရမည်မှာ လုံးဝအမှန်စင်စစ်ဖြစ်သည်။ USA တွင် ဖက်ဒရယ် ဒီမိုကရေစီစနစ် ထွန်းကားပြီး အောင်မြင်မှုအများအပြားရရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဖက်ဒရယ် ဒီမိုကရေစီစနစ်အောင်မြင်ပြီး ထွန်းကားမည်မှာ အသေအချာပင်ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုမှာ ဖက်ဒရယ်ဒီမိုကရေစီစနစ်သာ မထွန်းကားဘဲ မအောင်မြင်ဘဲဖြစ်ခဲ့လျှင် ယနေ့ USA သည်လည်း ပုံစံတစ်မျိုးဖြစ်မည်မှာ သေချာပါသည်။

အတာသင်္ကြန် နှစ်သစ်ကူးတွင် ခွန်အားအသစ်နှင့်အတူ USA NDAA ပါ Burma Act ကိုလည်း အတူတကွ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် အလွန်လိုအပ်လျက်ရှိပါသည်။ USA NDAA တွင်ပါဝင်သည့် Burma Act ဥပဒေမှာ အဓိကပြောရလျှင် USA ၏ မြန်မာနိုင်ငံအပေါ်ထားရှိသော ပေါ်လစီအချက် (၈)ချက် ရှိပါသည်။ ၎င်းပေါ်လစီတွင် အရေးကြီးဆုံးသော အချက်တစ်ချက်သည် တော်လှန်သကြန်တွင် တိုက်ပွဲဝင်နေကြသော အဖွဲ့အစည်းများအားလုံးကို Non Lethal Assistance ပေးရန် ဟူသောအချက်ဖြစ်သည်။ ၎င်းအပြင် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၂၆၆၉ အချက်(၁၀)ချက်ကိုလည်း မြန်မာနိုင်ငံတွင် အမြန်ဆုံး အကောင်အထည်ဖော်

ရန်လိုအပ်နေပြီး ၎င်းနှင့်အတူ အာဆီယံ၏ဆုံးဖြတ်ချက် အချက်(၅)ချက် ကိုလည်း မြန်မာနိုင်ငံတွင် အမြန်ဆုံး အကောင်အထည်ဖော်ရန် လိုအပ်လှပါသည်။ တစ်ဖက်မှာလည်း အကြမ်းဖက်စစ်အုပ်စုများနှင့် ၎င်းတို့၏ အကြမ်းဖက်ခြင်းကို ကူညီအားပေး နေသော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်၊ စီးပွားရေးနှင့် နိုင်ငံများကိုလည်း ထိထိရောက် ရောက်အရေးယူ ဒဏ်ခတ်ပိတ်ဆို့ရန်လွန်စွာ အရေးကြီးနေပါသည်။ တစ်ချိန်တည်းမှာပင် အကြမ်းဖက်စစ်ကောင်စီ ကို လုံးဝ ရှုတ်ချသည်သာမက သူတို့ကျူးလွန်ထားသော စစ်ရာဇဝတ်မှုများအတွက် အပြည်ပြည်ဆိုင်ရာ စစ်ခုံရုံး ICC မှတစ်ဆင့် အမြန်ဆုံးအရေးယူပြီး ရုရှားသမ္မတနှင့် အပေါင်းအပါကို ဖမ်းဝရမ်းထုတ်ထားသကဲ့သို့ အကြမ်းဖက်စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်နှင့် အပေါင်းအပါအားလုံးကို အမြန်ဆုံး ဖမ်းဝရမ်းထုတ်ရန် အရေးကြီးလှပါသည်။

နောက်နှစ်အတာသကြန်ကို ပျော်ပျော်ရွှင်ရွှင် ကျင်းပနိုင်ရန်အတွက် အကြမ်းဖက်စစ်အာဏာရှင်များ အမြန်ဆုံး ချုပ်ငြိမ်းမှုရပါလိမ့်မည်။ အကြမ်းဖက်စစ်အာဏာရှင်များရှိနေသရွေ့ ပျော်ရွှင်သော အတာသကြန်ဟူ၍ မရှိပါ။ ဖက်ဒရယ်ဒီမိုကရေစီစနစ်သည် လုံခြုံသော၊ ပျော်ရွှင်သော အနာဂတ် အတာသကြန်ကို အာမခံပေးနိုင်သောစနစ် ဖြစ်ပါသည်။ မြန်မာပြည်သူလူထုနှင့် ယူကရိန်းပြည်သူလူထု၏ တော်လှန်ရေးတိုက်ပွဲသည် ထိုနှစ်နိုင်ငံအတွက်သာ မကဘဲ တစ်ကမ္ဘာလုံးအတွက် အရေးကြီးသော တော်လှန်ရေးများဖြစ်သည်။ ထို့ကြောင့် ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်း ခြင်း၊ လွတ်လပ်ခြင်းနှင့် လူတိုင်းရသင့်ရထိုက်သော လူ့အခွင့်အရေးများရရှိရန် ယုံကြည်သောနိုင်ငံများ၊ အဖွဲ့ အစည်းများ၊ ကမ္ဘာ့ပြည်သူများ အားလုံးသည်လည်း မြန်မာပြည်သူလူထု၊ ယူကရိန်းပြည်သူလူထုတို့နှင့် အတူတကွ ခိုင်ခိုင်မာမာရပ်တည်ပြီး ပေးနိုင်သော အကူအညီများအားလုံးကိုလည်း အမြန်ဆုံးပေးကြပါရန် လိုအပ်လှပါသည်။ မြန်မာနှင့် ယူကရိန်းတော်လှန်ရေးသည် ပထဝီနိုင်ငံရေးအရသော်လည်းကောင်း၊ ကမ္ဘာ့စီးပွားရေး၊ ကမ္ဘာ့တည်ငြိမ် အေးချမ်းရေးအတွက် များစွာအရေးကြီးလှပါသည်။

မြန်မာနိုင်ငံ၏အနာဂတ်သည် မြန်မာပြည်သူလူထု၏လက်ထဲမှာရှိနေပြီး အနာဂတ် သကြန်များသည်လည်း မြန်မာ ပြည်သူလူထု၏ လက်ထဲမှာရှိနေပါသည်။ ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး၏နှလုံးသားသည် မြန်မာပြည်သူလူထုများအားလုံး၏နှလုံးသားထဲမှာ အသစ်တစ်ဖန်ရှင်သန်လာပြီး တစ်နည်းအားဖြင့်ပြောရလျှင် အ မေရိကန်ပြည်ထောင်စုတွင် နာမည်ကြီးလှသော တော်လှန်ရေးဖခင်ကြီး Martin Luther King Jr. ၏ နှလုံးသား သည်လည်း မြန်မာပြည်သူလူထုများ၏နှလုံးသားထဲမှာ ရောင်ပြန်ဟပ်ပြီး အသစ်တစ်ဖန် ပေါ်ပေါက်လာသကဲ့သို့ ဤအတာသကြန်အချိန်ခါသမယမှာ ခံယူမိပါသည်။

အကြမ်းဖက်စစ်အာဏာရှင်များသည် ရေသောက်မြစ်ပျက်စီးနေသော အပင်များကဲ့သို့ဖြစ်နေပြီး မြန်မာပြည်သူလူထုများသည် နေ့စဉ်နေ့တိုင်း ရေသောက်မြစ်အသစ်တွယ်လျက်ရှိသော အပင်များကဲ့သို့ ရှိနေပါသည်။ အကြမ်းဖက်စစ်အာဏာရှင်များ၏ နေဝင်ချိန်သည် မနီးမဝေးမှာရှိနေပြီး မြန်မာပြည်သူလူထု၏အောင်ပွဲသည်လည်း ရောက်ခါနီးနေပြီဖြစ်ပါသည်။ အကြမ်းဖက်စစ်အာဏာရှင်စနစ်သည် ပျက်စီးနေသော သင်္ဘောနှင့်တူပြီး ရောက်ရှိလာနေသော ဖက်ဒရယ်ဒီမိုကရေစီစနစ်သည် အမှောင်ထုကြီးကိုဖြတ်သန်းလာပြီး ထွန်းလင်းလာသော နံနက်နေမင်းကြီးနှင့်တူပါသည်။ အကောင်းနှင့် အဆိုးသည် တူညီမှု လုံးဝမရှိသလို အကြမ်းဖက်စစ်အုပ်စုများနှင့် မြန်မာပြည်သူလူထုများအကြား တူညီမှု လုံးဝမရှိပါ။ အမှောင်နှင့်အလင်းသည် လုံးဝနှိုင်းယှဉ်ရန်မရှိသလို မြန်မာပြည်သူလူထုနှင့် အကြမ်းဖက်စစ်အုပ်စုများသည်လည်း အနှိုင်းမဲ့ ဖြစ်နေပါသည်။ ပျော်ရွှင်သော အတာသင်္ကြန်နှင့် စစ်အာဏာရှင်လက်အောက် သေကြေပျက်စီးနေသော အတာသင်္ကြန်သည်လည်း လုံးဝတူညီမှုမရှိပါ။ အကြမ်းဖက်စစ် အာဏာရှင်များသည် အတုအယောင်ရွေးကောက်ပွဲကို ကျင်းပရန် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက် လုပ်ဆောင်နေသကဲ့သို့ အတာသင်္ကြန်ကိုလည်း အကြမ်းဖက် အတုအယောင် အတာသင်္ကြန်ပွဲများ အဖြစ် ကျင်းပလျက်ရှိပါသည်။လောကမှာ အတုအယောင်ပျော်ရွှင်မှုဟူ၍ မရှိသလို အတုအယောင် ရွေးကောက်ပွဲဟူသည်မှာ ဒီမိုကရေစီလောကတွင် မရှိပါ။ ပြည်သူလူထုမပါသော အတာသင်္ကြန်၊ ပြည်သူလူထုမပါသော ရွေးကောက်ပွဲ အားလုံးတို့ကို အနာဂတ်မှာ ပြည်သူလူထု အပြည့်အဝပါဝင်သော အတာသင်္ကြန်၊ ပြည်သူ့အာဏာ အပြည့်အဝအာမခံပေးသော ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ အသစ်ကူးပြောင်းရမည်ဖြစ်ပြီး ဒီနေ့ငိုကြွေးခြင်းများသည် မနက်ဖြန်ပျော်ရွှင်ခြင်းများဖြစ်ပါစေကြောင်း၊ ဒီနေ့ဆုံးရှုံးခြင်းများအားလုံးသည် မနက်ဖြန် ရယူခြင်းများအားလုံးဖြစ်ပါစေကြောင်း၊ ယနေ့ တော်လှန် အတာသင်္ကြန်သည် မနက်ဖြန် လွတ်လပ်အတာသင်္ကြန်ဖြစ်ပါစေကြောင်း၊ ဒီနေ့ ကျဆုံးခြင်းများအားလုံးသည် မနက်ဖြန် ဖက်ဒရယ်ဒီမိုကရေစီထွန်းကားရေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

ဘုရားသခင်ကောင်းချီးပေးပါစေ။

အရေးတော်ပုံအောင်ရမည်။

ဒေါက်တာဆာဆာ

ပြည်ထောင်စုဝန်ကြီး

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ